## စကားနှစ်လုံးကြောင့်

ဘဏ်ဥက္ကဋ္ဌကြီး လုပ်ငန်းအောင်မြင်ရသည့်အကြောင်းကို သတင်းထောက်က လူတွေ့နှုတ်ဖြေပြုလုပ်သည်။

မေး - အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်ကို သိပါရစေ
ဖြေ - စကားနှစ်လုံးကြောင့်ပါ
မေး - အဲဒါ ဘာပါလဲခင်ဗျာ
ဖြေ - ဆုံးဖြတ်ချက်မှန်ကန်မှု
မေး - ဆုံးဖြတ်ချက်မှန်ကန်အောင်လုပ်ပုံကိုပြောပါဦး
ဖြေ - စကားတစ်လုံးပဲ
မေး - အဲဒါက ဘာပါလဲ
ဖြေ - အတွေ့အကြုံပေါ့
မေး - အတွေ့အကြုံရပုံပြောပြပါ
ဖြေ - စကားနှစ်လုံးပါ
မေး - အဲဒါဘာလဲ သိပါရစေ
ဖြေ - ဆုံးဖြတ်ချက် မှားယွင်းမှု

## ကော်ဖီအပူချိန် ၁၄၇ ဒီဂရီ

စားဖိုမှူးရာထူးတက်စလူသည် နံနက်တိုင်း အရာရှိထံ ကော်ဖီမတ်ခွက်တစ်ခွက် ပို့ပေးရမည်ဖြစ်၏။ ကော်ဖီခုနစ်အောင်စခွဲ ပါဝင်၍ အပူချိန် ၁၄၇ ဒီဂရီဖာရင်ဟိုက် သတ်မှတ်ထား၏။ သို့သော်အပူချိန်တိုင်းကိရိယာက ရှိသည်မဟုတ်။

ပထမဆုံးနေ့က အရာရှိထံ ကော်ဖီသွားပို့ပုံမှာ ဤသို့။

"ကော်ဖီလောင်းထည့်ချိန်၊ သယ်ယူလာချိန်များနုတ်ပြီး ယခုအချိန်မှာ ၁၄၇ ဒီဂရီအပူချိန်ရှိတဲ့ ကော်ဖီပါခင်ဗျာ"

အရာရှိကပြုံးသည်

"ကောင်းပါပြီ စားဖိုမှူးရယ်"



## ဖုန်းမဆက်လိုက်ရသည့်အကြောင်းရင်း

အရာရှိတစ်ဦးသည် အခြေစိုက်စခန်းမှ အခပေးဖုန်းကို ဆက်လိုသော်လည်း သူ့မှာငွေစက္ကူတစ်ရွက်သာရှိ၏။ ကြမ်းတိုက်နေသော သာမန်ဝန်ထမ်းကလေးကိုတွေ့၍ လှမ်းမေးသည်။

"အမောင် မင်းမှာငွေအကြွေ အမ်းစရာများရှိပါသလား"

"ရှိတာပေါ့ ကိုယ့်လူ"

အရာရှိကသာမန်ဝန်ထမ်းကလေးကို ရိုင်းပျလှချည်လားဟု စိုက်ကြည့်ပြီး ဤသို့သွန်သင်၏။

"ကိုယ့်အထက်အရာရှိကို အဲသလို မဆက်ဆံရဘူး၊ ချေချေငံငံ ရိုရိုသေသေ ပြောရတယ်၊ ကဲ မင်းကိုပြန် မေးကြည့်မယ်"

"အမောင်...မင်းမှာ ငွေအကြွေအမ်းစရာရှိပါသလား"

"မရှိပါဘူးခင်ဗျာ"

## ဘောလုံးဝါသနာကြီးလိုက်ပုံက

ဘောလုံးဝါသနာအိုးတစ်ယောက်သည် ပွဲကြီးပွဲကောင်းကြည့်ရှုဖို့ ခုံနေရာရပါ့မလားဟု စိတ်စောလျက်ရှိ၏။ ပွဲကြည့်စင်တစ်ခုလုံးကို သူ့မှန်ပြောင်းဖြင့် ချိန်ကြည့်ရာ ခုံနေရာလွတ်တစ်ခု တွေ့၍ အရောက်သွားလေ၏။ နေရာလွတ်ခုံဘေးကလူကို သူ မေးကြည့်သည်။

"ကျွန်တော်ဒီမှာ ထိုင်လို့ရမလားဗျာ"

"ရတာပေါ့ဗျာ၊ ဒါ ကျွန်တော့် ဇနီးထိုင်ခုံပါ။ သူမလည်း တကယ့်ဘောလုံးဝါသနာအိုးပဲ။ သူမကွယ်လွန်ခင်အထိ ဘောလုံးပွဲဆို နှစ်ယောက်စုံတွဲလာနေကျလေ"

"ဇနီးဆုံးသွားပြီဆိုတော့ ဝမ်းနည်းပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်ဖုံ့ဖြတာက ဒီထိုင်ခုံလက်မှတ်ကို ဆွေမျိုးသို့မဟုတ် မိတ်ဆွေကို ဘာကြောင့်မပေးတာလဲ"

"သူတို့အားလုံး ကျွန်တော့်ဇနီး အသုဘလိုက်ပို့နေကြလို့ပါ"